Committee for Asian Women
386/58 Soi Ratchadaphisek 42, Ratchadaphisek Road, Jankasam, Chatujak, Bangkok 10900, Thailand
Tel: +66 (0) 29305634-35, Fax: +66 (0) 29305633 Email: cawinfo@cawinfo.org, Website: www.cawinfo.org

# *နိုင်ငံတကာအမျိုးသမီးများနေ့သည် တရားမျှတသော လူ့ဘောင်အဖွဲ့အစည်းတစ်ခု တည်ထောင်ရန်အတွက် ရုန်းကန်လှုပ်ရှားခဲ့သော အမျိုးသမီးအလုပ်သမားများ၏ ကြီးမြတ်လှသော ကိုယ်ကျိုးမဖက်လှုပ်ရှားမှုများအတွက် ကျွန်ုပ်တို့ဂါရဝပြုသည့် နေ့တစ်နေ့ဖြစ်ပါသည်။*

ယခုလာမည့်နှစ်သည် **နိုင်ငံတကာအမျိုးသမီးများနေ့** နှစ်တစ်ရာပြည့်သောနှစ်ဖြစ်သည်။ မတ်လ ၈ ရက်နေ့တွင် ကျရောက်သော နိုင်ငံတကာအမျိုးသမီးများနေ့ သို့မဟုတ် နိုင်ငံတကာ အလုပ်လုပ်သော အမျိုးသမီးများနေ့သည် ကမ္ဘာတစ်ဝှမ်းရှိ အမျိုးသမီးလုပ်သားများအတွက် အလွန်ရေးပါသော နေ့တစ်နေ့ဖြစ်ပါသည်။

၁၉၁၁ ခုနှစ် မတ်လ ၈ ရက်နေ့ကို ပိုမိုကောင်းမွန်သော လုပ်ငန်းခွင် အခြေအနေ၊ အလုပ်ချိန်၊ လုပ်ခငွေများရရှိရန်နှင့် အမျိုးသမီးအလုပ်သမားများအပေါ် အမြတ်ထုတ်သွေးစုတ်မှုများအား ဆန့်ကျင်တွန်းလှန်ရန်အတွက် လမ်းမများပေါ်ထွက်ကာ ဆန္ဒပြခဲ့ကြသော စက်ရုံများမှ အမျိုးသမီးအလုပ်သမားများကို ဂုဏ်ပြုသော နေ့တစ်နေ့အဖြစ် သတ်မှတ်ပြုမိခဲ့ကြသည်။

အမျိုးသမီးအလုပ်သမားအဖွဲ့များအပါအဝင် အမျိုးသမီးထုတစ်ရပ်လုံးအား ဤနှစ်အတွင်းပြုလုပ်မည့် အမျိုးသမီးအလုပ်သမားများအတွက် ကြိုးပမ်းမှုများနှင့် လှုပ်ရှားမှုများကို ဤနိုင်ငံတကာ အမျိုးသမီးများနေ့အား သတိရ အောက်မေ့လျက် ပြုလုပ်ရန် အာရှအမျိုးသမီးများကော်မီတီက တိုက်တွန်းလိုက်ပါသည်။ ကလာရာဇက်ကင်းနှင့် ရိုဆာလပ်ဇ်ဘတ်ဂ် ကဲ့သို့သော အမျိုးသမီးသူရဲကောင်းများ၏ ကြိုးပမ်းလှုပ်ရှားမှုများ စတင်ဖြစ်ပေါ်ပေါက်ခဲ့ခြင်းနှင့် ၎င်းတို့၏ အားမာန်များကို ဤနည်းအားဖြင့် အသိအမှတ်ပြုရာ ရောက်ပါသည်။ ၎င်းတို့၏ လှုပ်ရှားကြိုးပမ်းမှုများသည် ကျွန်ုပ်တို့အတွက် စိတ်အားတက်ကြွမှုကို ဖြစ်စေပါသည်။

အမျိုးသမီးအလုပ်သမားများ၏ သမိုင်းတလျှောက်တွင် ကသောင်းကနင်းနိုင်လှဆုံးသော ကာလကို ယခုအခါ ကျွန်ုပ်တို့ ဖြတ်သန်းနေရပေသည်။ ကမ္ဘာတစ်ဝှမ်း ကျင့်သုံးနေကြသည့် အရင်းရှင်စနစ်မှာ ကောင်းစွာလည်ပတ်ခြင်းမရှိ။ ယင်းကြောင့် စီးပွားရေးပျက်ကပ်ဆိုက်ခြင်း၊ အစားအသောက်၊ ရေနှင့် လောင်စာဆီများ ရှားပါးခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်းတို့လည်း ကမ္ဘာနှင့်အဝှမ်း တိုးပွားမြင့်တက်လျက်ရှိသည်။ အရင်းရှင်စနစ်၏ဝိသမလောဘကြောင့် အရင်းအမြစ်များ ပိုမိုရရှိရေး အတွက် စစ်ပွဲများနှင့် ပဋိပက္ခများဖြစ်ပွားရာတွင် ငွေကြေးထောက်ပံ့မှုများဖြင့် တွန်းအားပေးနေပေသည်။ ချမ်းသာသောအရင်းရှင်များအတွက် တတ်နိုင်သမျှ အမြတ်အစွန်းများများကျန်ရေးအတွက် ဝန်ထုပ်ဝန်ပိုးထမ်းနေရသူများမှာ ဆင်းရဲသော သွေးစုတ် အမြတ်ထုတ်ခံ အမျိုးသမီး အလုပ်သမားများပင်ဖြစ်ပေသည်။ ၎င်းတို့သည် လူတစ်ဦးတစ်ယောက် ရရှိသင့်သည့် လုံခြုံမှုအာမခံများ တစ်စုံတစ်ရာမရရှိဘဲ ငွေဝယ်ကျွန်များကဲ့သို့သော အခြေအနေများတွင် အလုပ်လုပ်နေကြသူများဖြစ်သည်။ အမျိုးသမီး အလုပ်သမားများသည် ၎င်းတို့၏အလုပ်များ၊ အသက်မွေးဝမ်းကျောင်းမှုများ၊ လယ်မြေများ၊ နေအိမ်များ၊ မိမိတို့တိုင်းပြည်၊ မိသားစုများနှင့် အသက်များ ဆုံးရှုံးမြဲ ဆုံးရှုံးနေခဲ့သည်။ အမျိုးသမီးအလုပ်သမားများသည် ဆာလောင်မွတ်သိပ်ခြင်းဘေးဒုက္ခနှင့် ဆင်းရဲမွဲတေမှုတို့တွင် ဆက်လက်နေထိုင်နေရပြီး၊ မိမိကိုယ်မိမိနှင့် မိမိတို့၏မိသားစုများကို ကျွေးမွေးစောင့်ရှောက်နိုင်စွမ်းလည်း မရှိပါချေ။

ကမ္ဘာတစ်ဝှမ်းရှိ အမျိုးသမီးအလုပ်သမားများသည် အလုပ်အကိုင်ဆုံးရှုံးခြင်း၊ အကြမ်းဖက်ခြင်း၊ တရားမျှတမှုမရှိခြင်း၊ အလုပ်လက်မဲ့နှင့် တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး အဓမ္မမှုများကို ဆက်လက် တွန်းလှန်တိုက်ခိုက် သွားပါမည်။ ၎င်းတို့၏ အလုပ်အကိုင်ဆိုင်ရာ အခွင့်အရေးများအတွက် တိုက်ပွဲဝင်သကဲ့သို့၊ အမျိုးသမီးအလုပ်သမားများသည် လူသားများအားလုံး သင့်တင့်ကောင်းမွန်စွာ နေထိုင်နိုင်ဖို့ကိုလဲ တိုက်ပွဲဝင်သွားပါမည်။ အမျိုးသမီးများ အလုပ်အကိုင်တည်မြဲရေး၊ သင့်တင့်လျောက်ပတ်သော လစာရရှိရေး၊ လူမှုရေးလိုအပ်ချက် အထောက်အပံ့များနှင့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုများ တို့အတွက် တိုက်ပွဲများတွင် အမျိုးသမီးများ အောင်ပွဲခံရခြင်းဖြင့်၊ လူသားအားလုံး အတွက် ပိုမိုကောင်းမွန်သော အနာဂါတ်ကမ္ဘာကြီးဖြစ်အောင် ၎င်းတို့ပြောင်းလဲပါမည်။ စက်ရုံများ၊ ဈေးများ၊ စိုက်ပျိုးမွေးမြူရေးခြံများ၊ စိုက်ခင်းများတွင်လည်းကောင်း၊ လမ်းမများပေါ်၌လည်းကောင်း၊ အိမ်များတွင်လည်းကောင်း၊ ကွင်းပြင်များထဲတွင် လည်းကောင်း၊ မွေးရပ်မြေမှ အဝေးတွင် လည်းကောင်း၊ စစ်မက်ဖြစ်ပွားနေသော နေရာများတွင်လည်းကောင်း ရှိနေကြသော အမျိုးသမီးများသည် ၎င်းတို့၏လက်များ၊ နှလုံးသားများနှင့် သတ္တိတို့ဖြင့် ယနေ့ကမ္ဘာကို တည်ဆောက်လျက်ရှိသော အမျိုးသမီးအလုပ်သမားများပင် ဖြစ်ကြပါသည်။ ၎င်းတို့သည် အနာဂါတ် မနက်ဖြန် ကိုလည်း ယနေ့ကဲ့သို့ပင် ဆက်လက်တည်ဆောက် သွားကြမည့်သူများ ဖြစ်ကြပါသည်။

တစ်ကမ္ဘာလုံးရှိ ကျွန်ုပ်တို့ အမျိုးသမီးအလုပ်သမားများသည် တညီတညွတ်တည်း အင်အားကြီးမားစွာ အတူတကွ ရပ်တည်ကြပါသည်။ ပိုမိုကောင်းမွန်ပြီး တရားမျှတသော လူ့ဘောင်အဖွဲ့အစည်းဆီသို့ ဆက်လက်ချီတက်ကြပါစို့။

၂၀၁၁ ခုနှစ် မတ်လ ၈ ရက်နေ့တွင် အာရှတစ်ခွင်မှ အမျိုးသမီးများ စည်းလုံးညီညွတ်စွာ ထိုင်းနိုင်ငံတွင်စုရုန်းပေါင်းစည်း၍ လှုပ်ရှားမှုပြုကြရန် အာရှအမျိုးသမီးများ ကော်မီတီက စုစည်းထားပါသည်။

**နေရာတိုင်းရှိ အမျိုးသမီးလုပ်သားအင်အားများဖြင့် ထာဝစဉ် စည်းလုံးညီညွတ်ကြပါစို့။ ။**